# Burmese A: literature – Higher level – Paper 1
# Birman A : littérature – Niveau supérieur – Épreuve 1
# Birmano A: literatura – Nivel superior – Prueba 1

Wednesday 4 May 2016 (afternoon)
Mercredi 4 mai 2016 (après-midi)
Miércoles 4 de mayo de 2016 (tarde)

2 hours / 2 heures / 2 horas

---

**Instructions to candidates**

- Do not open this examination paper until instructed to do so.
- Write a literary commentary on one passage only.
- The maximum mark for this examination paper is **[20 marks]**.

**Instructions destinées aux candidats**

- N’ouvrez pas cette épreuve avant d’y être autorisé(e).
- Rédigez un commentaire littéraire sur un seul des passages.
- Le nombre maximum de points pour cette épreuve d’examen est de **[20 points]**.

**Instrucciones para los alumnos**

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario literario sobre un solo pasaje.
- La puntuación máxima para esta prueba de examen es **[20 puntos]**.



2216 – 0517

© International Baccalaureate Organization 2016

အောက်ပါတို့အနက်မှ **တစ်ခု**အပေါ် စာပေသုံးသပ်ချက် ရေးပါ။

**1.**

နောက် နှစ်ရက်သုံးရက်လောက် ကြာသောအခါ ဒေါက်တာမြကြည်သည် မိမိ၏အိမ်နောက်ဖေးခန်းတွင် အခါတိုင်းနည်းတူ စာဖတ်၍နေရာ အထက်က တစ်ကြိမ် နှစ်ကြိမ် မြင်မိသောလူကို မြင်ရပြန်လေ၏။ ၄င်းလူကို ဒေါက်တာမြကြည်သည် သေချာစွာကြည့်လေရာ စိတ်ထဲ၌ တစ်စုံတစ်ရာကို မသင်္ကာသကဲ့သို့ ဖြစ်လေ၏။

မိမိ၏စိတ်၌ ၄င်းလူကို အတော်ကြာစွာ မပေါ်လာဘဲနေခဲ့သည်ကို မြင်ရပြီးနောက် ထပ်မံပေါ်လာသည်ကို မြင်ရသောအခါ ဝမ်းသာသလိုလိုဖြစ်လေ၏။ ၄င်းလူ မပေါ်လာဘဲ နေသောရက်၊ လများမှာလည်း နေ့စဉ်နေ့တိုင်းလိုလို အိမ်နောက်ဖေးလမ်း၌ ကြည့်ကာ မြင်ရနိုးနိုးနှင့် နေခဲ့မိလေ၏။

ယခုထပ်မံပေါ်လာရာ၌ ၄င်း၏မျက်နှာကို သတင်းစာဖတ်ရင်း သေချာစွာကြည့်လိုက်သောအခါ ရင်ထဲမှာ အေးတစ်ခါ နွေးတစ်လှည့် ဖြစ်လေသည်ကို မိမိကိုယ်တိုင် သိရလေ၏။

ထိုနေ့မှစ၍ နေ့စဉ်နေ့တိုင်း ၄င်းလူကို ဆက်ကာဆက်ကာ စောင့်မျှော်ရင်းကြည့်ရာ တစ်ခါနှစ်ခါ ထိုလူကလည်း မိမိကို ကြည့်သလိုလို စိတ်ထဲ၌ ထင်မှတ်လိုက်ရလေ၏။

ကိုစိန်၏ဆေးတိုက်၌ မြင်မိသောဓာတ်ပုံကို ဒေါက်တာမြကြည်သည် သတိရလျက် ခပ်ဆင်ဆင်တူသလိုလိုလည်း စိတ်ထဲ၌ တွေးမိလေ၏။ သို့သော်လည်း တစ်စုံတစ်ရာ သက်ဆိုင်ပုံမရဟု အောက်မေ့ကာ ထိုဓာတ်ပုံကို မတွေးဘဲနေလေ၏။

တန်ခူးလရာသီ ဆိုက်ရောက်၍လာလေ၏။ ဒေါက်တာမြကြည်သည် ညနေချမ်းအချိန် အိမ်နောက်ဖေးအခန်းမှ အုံ့ဆိုင်းပိတ်ဆို့ မှိုင်းညို့ညို့ကောင်းကင်ကိုကြည့်ကာ ထိုကောင်းကင်ထဲ၌ ထိုလူ၏မျက်နှာကို မြင်ရလေ၏။

မိမိထိုင်နေသောနေရာ ကုလားထိုင်အနီး၌ တွယ်၍တက်သော ပန်းနွယ်တို့သည် လေထဲတွင်လှုပ်ရှားကာ ဒေါက်တာမြကြည်ကို စချင်ခေါ်ချင် ကစားချင်၍ ဟန်ပြင်သလို နေကြလေ၏။

ဒေါက်တာမြကြည်သည် ကုလားထိုင်မှထပြီး လက်ရန်းကို ဘေးစောင်းမှီလျက် လက်ရန်းကိုလက်နှစ်ဖက်နှင့် ကိုင်ကာ ကောင်းကင်ကို မျှော်ရင်း “ကိုစိုးမြင့်ပင်ဖြစ်လေမလား၊ ငါ့ကို တမင်သက်သက် မြင်ရအောင် ဒီလမ်းမှာ ရောက်နေသလား” ဟု တွေးတောရင်း မောင်စိုးမြင့်၏ ရုပ်ပုံကို မိုးတိမ်များထဲ၌ ထင်မြင်လေ၏။ ဒေါက်တာမြကြည်၏ စိတ်သည် မောင်စိုးမြင့်နှင့် ခွဲထဲ၌ နောက်ဆုံးတွေ့ရသော ဇာတ်လမ်းဇာတ်ကွက်ကို ပြန်၍ထင်မြင်လေ၏။ “သူဖြစ်ရင် သူ ဘာဖြစ်နေပါလိမ့်မလဲ၊ ဘယ်လို အခြေအနေနှင့် ဘယ်ပုံနေထိုင်ပါသလဲ၊ ဘယ်အတွက် ဒီလမ်းကြီး သူနေ့စဉ် လျှောက်ပါသလဲ။ ဘယ်ကလာ၍ ဘယ်ကိုသွားမလဲ၊ မြို့ထဲမှာအလုပ်လုပ်ပြီး အိမ်ကိုပြန်လေသလား၊ သူ့အိမ် ဘယ်မှာရှိပါသတုံး” စသည်ဖြင့် တွေးတောကာ သူနှင့် ဘယ်ပုံ ပြန်၍တွေ့ရမည်ကို စဉ်းစားကာနေလေ၏။

သို့စဉ်းစားပြီးနောက် သက်မကြီးချကာ “မဟုတ်ပါဘူး ထင်ပါရဲ့။ ကိုစိုးမြင့်ဖြစ်ရင် သူငါ့ကိုခေါ်မှာပဲ။ ငါ့ဆီကို လာမှာပဲ။ မလာစရာ ဘာမှမရှိ။ ကိုစိုးမြင့် ဤမျှလောက် သူရဲဘောနည်းသူ မဟုတ်။ ကိုစိုးမြင့် မဟုတ်လို့သာ မလာတာပါ” ဟု စိတ်ထဲ၌ အောက်မေ့ကာ တွေးတောခြင်း ဓာတ်မီးရောင်တို့ကို မှောင်ကျအောင် ငြိမ်းသတ်လေ၏။

သို့ပင်ငြိမ်းသတ်သော်လည်းမရ၊ ထိုတွေးတောခြင်း ဓာတ်မီးရောင်သည် မငြိမ်း၊ မပျောက်ဘဲ ရဲရဲပြောင်ပြောင် တောက်လောင်၍နေလေသတည်း။

မိုးများသည် တိုး၍မှောင်လာလေ၏။ မမြကြည်သည် အိမ်၌တစ်ယောက်တည်း ရှိနေလေ၏။ မိုးကြိုးများ ထစ်ချုန်း၍လာပြီး မိုးနတ်၊ လေနတ်တို့သည် အိမ်တိုင်များကို လာ၍ဆွဲကိုင်လှုပ်ရမ်းသကဲ့သို့ မှတ်ထင်ရလေ၏။ ဝင်းခနဲ လျှပ်ရောင်လက်ပြီး ရာဇမာန်ပွားကာ ခြိမ်းခြောက်သော မိုးကြိုးသံသည် တိုးတက်ပြင်းထန်၍ လာလေသတည်း။ ဝန်ထောက်မင်းသည် အခြားကို သွား၍နေသဖြင့် တစ်ယောက်တည်းရှိနေသော ဒေါက်တာမြကြည်သည် ထိတ်လန့်သကဲ့သို့ ဖြစ်လေ၏။ ထိုအိမ်မှာ ကုန်းကလေး ကျကျနေရာ၌ တည်ရှိ၍နေသဖြင့် အခြားသောအိမ်များထက်မြင့်သောကြောင့် မိုးကြိုးများ ပစ်လေမလားဟု တွေးတောကြောက်ရွံ့လေ၏။

ထိုအခိုက်တွင် မနီးမဝေးရှိ သစ်ပင်ကြီးတစ်ပင်ကို မိုးကြိုးပစ်လိုက်ရာ မိုးကြိုးသံ၏အရှိန်ဖြင့် အိမ်ပြတင်းတံခါးများသည် လှုပ်ရှား၍ သွားလေ၏။ ပြင်းထန်သော လေထဲ၌ တစောင်းရိုက်၍ရွာသောမိုးသည် အိမ်နံရံများကို တီးခတ်ရိုက်နှက်လေ၏။

ထိုအတွင်းတွင် လေသံမိုးသံထဲ၌ထိတ်လန့်တကြား တုန်လှုပ်စွာမြည်၍လာသော စီစီဝီဝီသံကို ကြားရလေ၏။ ၄င်းအသံသည် လျင်မြန်စွာ ရပ်၍သွားလေ၏။

ဒေါက်တာမြကြည်သည် ထိုအသံကို ကြားလျှင်ကြားချင်း မိမိ မြင်လိုက်ရသောသူကို သတိရ၍ ကိုယ်စောင့်နတ်များ နှိုးဆော်သလို သူ့မှာတစ်ခုခု ဖြစ်လေသလားဟု တွေးမိလျက် . . .

“ဘကျော်၊ ဘကျော်”

ဟု ခေါ်လေရာ ဘကျော်သည် ပြေး၍မလာသဖြင့် အဘယ်မှာရှိသည်ကို မသိရသောကြောင့် အိမ်ပေါ်မှ ပြေးဆင်း၍လာခဲ့ရာ ခွေးကိုမတွေ့ရချေ။ ထိုအခါ ဒေါက်တာမြကြည်သည် အိမ်ပေါ်သို့တစ်ဖန် ပြေးတက်ပြီး အခန်းများ၌ ရှာလေ၏။

သို့ရှာဖွေသော်လည်း ခွေးကိုမတွေ့သဖြင့် ပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သောအခါ ပြင်းထန်သော လေထဲ၌ ချည်မျှင်ပမာဏထက် ပို၍မကြီးသော မိုးရေကြောင်းများကိုမြင်လျက် မိုးကာတစ်ခုကို ဆွဲကာခြုံပြီး သမင်ချို၌ချိတ်၍ထားသော ကာကီဟဲလ်မက်ဦးထုပ်တစ်ခုကို ဦးခေါင်းပေါ်သို့ ဆွဲ၍တင်ပြီးလျှင် ဖခင်ကြီး၏ တုတ်ကောက်ကြီးကိုကိုင်ကာ လှေကားမှ ပြေးဆင်း၍လာလေ၏။

အိမ်ပြင်၌မှောင်ကျ၍နေသကဲ့သို့ နေလေ၏။ အကြောင်းမူကား ထူထပ်သောတိမ်တို့သည် အစွမ်းကုန်လွှတ်၍ မထွန်းတောက်ဘဲ ဟန်ပြင်၍နေသည်နှင့် တူလေ၏။

ပဇ္ဇုန်နတ်သားသည် ကောင်းကင်၌ ပျော်ပျော်ပါးပါး ဘောကန်၍ ကစားကြသလို တအုံးအုံးမြည်ကြလေ၏။ သစ်ရွက်များကို လေဝှေ့၍ထွက်ပေါ်သော အသံများသည် တောနတ၊ တောင်နတ်တို့ လက်ခုပ်လက်ဝါးတီးကာ ရယ်မော လှောင်ပြောင်၍ နေကြသည်နှင့် တူလေ၏။

မည်းနက်သောကောင်းကင်ထက်မှ ပြိုပြက်ကွဲအက်သည့် လျှပ်ရောင်သည် မိုးနတ်သားများ မီးတောက်မီးလျှံဖြင့်ပြီးသော လုံ့တံစင်းမြားတို့ဖြင့် ကောင်းကင်၌ စစ်ခင်းပစ်ခတ်ကစားသည်နှင့် တူလေ၏။

ပီမိုးနင်း၊ *ယောက်ျားတံခွန်* (၁၉၂၆)

**2.**

## ပေတိုး

ဘယ်ကလေးတစ်ယောက်ဆီက
ကျခဲ့မှန်းမသိတဲ့
အကျထည် ဂါဝန်ပွပွကြီးနဲ့
အဲဒီ အကျထည်ဂါဝန်ကြီးကို
ထပ်မံစပ်ဟပ်ဖာထေးထားသေး
အဲဒီ အဆီအငေါ်မတည့်တဲ့ ဂါဝန်ပွပွကြီးဝတ်လို့
ပေတိုး။

နှုတ်ခမ်းတစ်ခြား ဆေးတစ်ခြား
အပေါ်စား နှုတ်ခမ်းနီနီကြီးလဲ
နီနီရဲရဲကြီးဆိုးထားခံရသေး
ပေတိုး။
အပေါ်စား ပေါင်ဒါလဲ
မျက်နှာပေါ် တဖုန်းဖုန်းရိုက်ခံထားရ
လူပုံအလယ်မှာ
မျက်နှာကြီးဖွေးဖုံလို့
ပေတိုး။

ဆံပင်အရှည်မရှိလို့သာပေါ့
နို့မို့ဆို
ကော့စမက်တစ်တွေ၊ ဘယ်ရီကရိမ်းတွေ
တလှေကြီး လိမ်းခံရဦးမှာ
ကျို့ချွဲချွဲကြီးနဲ့နေဦးမှာ
ဒါပေမဲ့ (မလွတ်ပါဘူး)
ခုလဲ ဘယ်သက်သာလို့လဲ
ခေါင်ရန်းပန်းရိုင်းပွင့်ကြီး တကားကား
ခေါင်းမှာ ပန်ထားခြင်းခံရသေး
ပေတိုး
မျောက်ကလေးပေတိုး။

မျောက်ဆိုတာ လုံလောက်ခဲ့ရဲ့သားနဲ့
ပေတိုးလို့ နာမည်မှည့်ခြင်းလဲခံရသေးတဲ့
ပေတိုး ပေတိုး
မျောက်ကလေးပေတိုး။

သူ့မျောက်ဆရာက ကြိမ်လုံးလေးတစ်ချက်ဝင့်
ဟဲ့ ပေတိုး ရှေ့ကျွမ်းဆိုရင်
ပေတိုးခမျာ
ရှေ့ကျွမ်း။
ဟဲ့ ပေတိုး
နောက်ကျွမ်းဆိုရင်
ပေတိုးခမျာ
နောက်ကျွမ်းတွေ တသွင်သွင်ထိုးလိုက်ရ

ဟဲ့ ပေတိုး
ရှေ့ကျွမ်းဆိုရင်
ပေတိုးခမျာ
ရှေ့ကျွမ်းတွေ တသွင်သွင်ထိုးလိုက်ရ။
မျောက်ဆရာက
ကြိမ်လုံးလေး ဝင့်ဝင့်ပြလိုက်တိုင်း
မျောက်ကလေးပေတိုးခမျာ
ဂါဝန်ကြီးတဖားဖား
ပေါင်ဒါကြီး တဖွေးဖွေး
နှုတ်ခမ်းနီကြီး တရဲရဲ
ပန်းပွင့်နီကြီး တကားကားနဲ့
လူလယ်ကောင်ကြီးထဲမှာ
အမြီးငေါက်တောက်နဲ့
ပေတိုးခမျာ
ကခုန်ရ ကျွမ်းတွေ ကျွမ်းတွေ
ထိုးထိုးပြရ
သူငယ်ချင်း လီကီရေ
ငါတို့တွေမလဲ
ဆိုကြပါစို့
လောကဓံမျောက်ဆရာက ကြိမ်ကလေး
ဝင့်ပြလိုက်တဲ့အခါ
ပေတိုးပဲ မဟုတ်ဘူးလား။

ဒါပေမဲ့ တို့တွေ
ပေတိုးလိုပဲ ကံကောင်းတယ်
တို့က
ရှုမျှော်နေကြရတယ်
ပေတိုးခမျာ
ကျောပေါ်ကျတဲ့ကြိမ်ချက်ကမှ
သက်သာလိမ့်ဦးမယ်လို့
မသိခဲ့ရှာဘူးကိုး။

ခုတော့
အမြီးငေါက်တောက်ကြီးနဲ့
ခမျာမှာ
ဂါဝန်ကြီးတဖားဖား
နှုတ်ခမ်းနီကြီး တရဲရဲ
ပေါင်ဒါကြီး တဖွေးဖွေးနဲ့
လူလယ်ကောင်ကြီးမှာ
ပေတိုး
မျောက်ကလေးပေတိုး။ ။

မောင်ချောနွယ်၊ *ဆန်းသွားသောနေ့များ* (၂၀၁၅)